ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာဥပဒေ (မူကြမ်း)

မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း(၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| အခန်း (၂) | ရည်ရွယ်ချက်များ | ၄ |
| အခန်း(၃) | မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ဖွဲ့စည်းခြင်း | ၅ |
| အခန်း (၄) | မြန်မာနိုင်ငံ ရှေ့နေများကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၉ |
| အခန်း (၅) | ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ဖွဲ့စည်းခြင်း | ၁၃ |
| အခန်း (၆) | ဒေသဆိုင်ရာ ရှေ့နေများကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၆ |
| အခန်း (၇) | ရှေ့နေအလုပ် သင်ကြားခြင်း | ၁၉ |
| အခန်း (၈) | အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းနှင့် အမှုလိုက်ပါ ဆောင်ရွက်ခြင်း | ၂၂ |
| အခန်း (၉) | တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့် လျှောက်ထားခြင်းနှင့် အမှုလိုက်ပါ ဆောင်ရွက်ခြင်း | ၂၆ |
| အခန်း (၁၀) | အမှုလိုက်ပါဆောင်ရွက်ခြင်း | ၂၈ |
| အခန်း (၁၁) | အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုရာတွင် ဦးစားပေးခြင်း | ၃၀ |
| အခန်း(၁၂) | ရှေ့နေလိုက်သူများ၏ တာဝန်နှင့် အခွင့်အရေးများ | ၃၁ |

| | | |
|---|---|---|
| အခန်း (၁၃) | ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုများအား စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း | ၃၃ |
| အခန်း (၁၄) | အယူခံခြင်း | ၃၉ |
| အခန်း (၁၅) | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၄၀ |
| အခန်း (၁၆) | ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း | ၄၂ |
| အခန်း (၁၇) | အထွေထွေ | ၄၄ |

# ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာဥပဒေ

# (မူကြမ်း)

(မူကြမ်း)

# ရှေ့နေများကောင်စီ နှင့် ရှေ့နေလိုက်သူများဆိုင်ရာဥပဒေ

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)

၁၃၈၀ ခုနှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရှေ့နေများကောင်စီ နှင့် ရှေ့နေလိုက်သူများဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **သက်ဆိုင်ရာ ရှေ့နေများကောင်စီ** ဆိုသည်မှာ မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီတို့ကို ဆိုသည်။

(ခ) **မြန်မာနိုင်ငံရှေ့နေများကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံရှေ့နေများကောင်စီကို ဆိုသည်။

(ဂ) **ဒေသဆိုင်ရာရှေ့နေများကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့် နေပြည်တော် ရှေ့နေများကောင်စီ အသီးသီးကို ဆိုသည်။

(ဃ) **ရှေ့နေလိုက်သူ** ဆိုသည်မှာ ဤဥပဒေအရ သက်ဆိုင်ရာ မှတ်ပုံတင်အမည်စာရင်း တင်သွင်းထားသည့် အထက်တန်းရှေ့နေနှင့် တရားလွှတ်တော်ရှေ့နေတစ်ဦးဦးကိုဆိုသည်။ ယင်းစကားရပ်တွင် အစိုးရရှေ့နေအဖြစ် ဆောင်ရွက်သည့် ဥပဒေအရာရှိလည်း ပါဝင်သည်။

(င) **အလုပ်သင်ရှေ့နေ** ဆိုသည်မှာ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ၏ ခွင့်ပြုချက်ဖြင့် ရှေ့နေပညာကို သတ်မှတ်ချက်များနှင့်အညီ လက်တွေ့သင်ယူနေသူကို ဆိုသည်။

(စ) **အလုပ်သင်ရှေ့နေ လုပ်သက်** ဆိုသည်မှာ ရှေ့နေပညာကို သတ်မှတ်ချက်များနှင့်အညီ လက်တွေ့သင်ယူနေသည့် ကာလကို ဆိုသည်။

(ဆ) **အထက်တန်းရှေ့နေ** ဆိုသည်မှာ ဤဥပဒေအရ ဒေသဆိုင်ရာ ရှေ့နေများကောင်စီက အထက်တန်းရှေ့နေမှတ်ပုံတင်စာရင်း၌ အမည်စာရင်းတင်သွင်းပြီး အထက်တန်းရှေ့နေအဖြစ် အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုရန် အသိအမှတ်ပြုထားခြင်းခံရသူကို ဆိုသည်။

(ဇ) **တရားလွှတ်တော်ရှေ့နေ** ဆိုသည်မှာ ဤဥပဒေအရ မြန်မာနိုင်ငံရှေ့နေများကောင်စီ က တရားလွှတ်တော်ရှေ့နေမှတ်ပုံတင်စာရင်း၌ အမည်စာရင်းတင်သွင်းပြီး တရားလွှတ်တော်ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်ခြင်းပြုရန် အသိအမှတ်ပြုထားခြင်းခံရသူကိုဆိုသည်။

(ဈ) **ရှေ့နေပညာ** ဆိုသည်မှာ ဥပဒေပညာကို အခြေခံ၍ အမှုသည်များကို ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့်အခွင့်အရေးများရရှိစေရန်နှင့် အကာအကွယ်ပေးရန် အကျိုးဆောင်ပေးသော မွန်မြတ်သည့် အသက်မွေးဝမ်းကျောင်း ပညာရပ်ကို ဆိုသည်။

(ည) **အမှုလိုက်ပါဆောင်ရွက်ခြင်း** ဆိုသည်မှာ ရှေ့နေတစ်ဦးဦးက သက်ဆိုင်ရာ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့် ရုံးတစ်ခုခုတွင် မှုခင်းတစ်ခုခုနှင့် စပ်လျဉ်း၍ လျှောက်ထားခြင်း၊ လျှောက်လဲခြင်း၊ တင်ပြခြင်းနှင့် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(ဋ) **အမှုလိုက်ပါ ဆောင်ရွက်ခြင်း ပြုနိုင်သည့် ရုံး** ဆိုသည်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသော်လည်းကောင်း၊ မှုခင်းတစ်ခုခုနှင့် စပ်လျဉ်း၍ ရှေ့နေလိုက်သူ တစ်ဦးဦးက အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့် သက်ဆိုင်ရာ တရားရုံး၊ ခုံရုံး၊ အခွန်ရုံး၊ အယူခံရုံး၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုရုံးကိုသော်လည်းကောင်း၊ ဤဥပဒေအရ ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုဖြင့် စုံစမ်းစစ်ဆေးသည့် လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံးကိုသော်လည်းကောင်း၊ အခြား တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ရှေ့နေလိုက်သူများ အမှုလိုက်ပါ ဆောင်ရွက်ခွင့်ပြုသည့် ရုံးတစ်ခုခုကို သော်လည်းကောင်း ဆိုသည်။

(ဌ) **ရှေ့နေပွဲစား (Tout)** ဆိုသည်မှာ အောက်ပါ ပုဂ္ဂိုလ် တစ်ဦးဦးကို ဆိုသည် -

(၁) ရှေ့နေလိုက်သူထံမှ အဖိုးအခရရှိရေးအတွက် ကမ်းလှမ်းအဆိုပြု၍ အမှုရရှိစေရန် ဆွယ်ပေးသူ သို့မဟုတ် ဒလံ၊

(၂) ရှေ့နေလိုက်သူထံမှဖြစ်စေ၊ အမှုကိစ္စတွင် အကျိုးသက်ဆိုင်သူတစ်ဦးဦး ထံမှဖြစ်စေ အဖိုးအခရရှိရေးအတွက် ကမ်းလှမ်း၍ အမှုရရှိစေရန် ဆွယ်ပေးမည်ဟု အဆိုပြုသူ၊

(၃) အမှုကိစ္စရရှိရေးအတွက် ဆွယ်ရန် အလို့ငှာ အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုနိုင်သည့် ရုံးတွင်ဖြစ်စေ၊ ထိုရုံး၏ ပရဝဏ်တွင်ဖြစ်စေ၊ အများပြည်သူနှင့် သက်ဆိုင်ရာနေရာတွင်ဖြစ်စေ မကြာခဏ ဝင်ထွက် သွားလာနေသူ။

(ဥ) **မှတ်ပုံတင်စာရင်း** ဆိုသည်မှာ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မှတ်ပုံတင်စာရင်း သို့မဟုတ် တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့် မှတ်ပုံတင်စာရင်းကို ဆိုသည်။

(ဃ) **သက်သေခံမှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ အထက်တန်းရှေ့နေ သက်သေခံမှတ်ပုံတင်လက်မှတ် သို့မဟုတ် တရားလွှတ်တော်ရှေ့နေ သက်သေခံမှတ်ပုံတင်လက်မှတ်ကိုဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုရေးအတွက် အရည်အချင်းပြည့်ဝသော ရှေ့နေများ တိုးပွားလာစေရန်၊

(ခ) ရှေ့နေပညာနိုင်ငံတကာ အဆင့်မီ တိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊

(ဂ) ရှေ့နေလိုက်သူများ ဥပဒေပညာရပ်ဆိုင်ရာ အရည်အသွေး ပြည့်ဝပြီး ရှေ့နေကျင့်ဝတ်သိက္ခာ နှင့် ဂုဏ်သိက္ခာ မြင့်မားရေးအတွက် ထိန်းသိမ်းမြှင့်တင်နိုင်စေရန်၊

(ဃ) အမှုသည်များကို ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိစေရေးနှင့် အကာအကွယ်ပေးရေးတို့အတွက် မွန်မြတ်သည့် ရှေ့နေပညာဖြင့် အကျိုးဆောင်ပေးနိုင်ရန်၊

(င) ရှေ့နေလိုက်သူများ ရထိုက်ခွင့်ရှိသည့် အခွင့်အရေးများကို အပြည့်အဝရရှိစေရန် နှင့် အကာအကွယ်ပေးရန်။

## အခန်း (၃)

## မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စု ရှေ့နေချုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံ ရှေ့နေများကောင်စီကို သတ်မှတ်ချက်များနှင့် အညီ ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စု ရှေ့နေချုပ် ဥက္ကဋ္ဌ

(၂) တရားလွှတ်တော်ရှေ့နေများက ရွေးချယ်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေများ အနက်မှတစ်ဦး ဒုတိယ ဥက္ကဋ္ဌ

(၃) ညွှန်ကြားရေးမှူးချုပ် တစ်ဦး ပြည်ထောင်စု တရားလွှတ်တော်ချုပ် အဖွဲ့ဝင်

(၄) တရားလွှတ်တော်ရှေ့နေများက ရွေးချယ်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေများ အနက်မှ ၁၂ဦး အဖွဲ့ဝင်များ

(၅) တရားလွှတ်တော်ရှေ့နေများက ရွေးချယ်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေများ အနက်မှတစ်ဦး အတွင်းရေးမှူး

(၆) ညွှန်ကြားရေးမှူးချုပ်တစ်ဦး ပြည်ထောင်စုရှေ့နေချုပ်ရုံး တွဲဖက်အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော မြန်မာနိုင်ငံရှေ့နေများကောင်စီကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၅။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ၏ အဖွဲ့ဝင်အဖြစ် ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) (၄)(၅) အရ ရွေးချယ်တင်မြှောက်ခြင်း ခံရမည့်သူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုအတွက် တစ်စုံတစ်ရာ အရေးယူခံရသူ၊ အပြစ် ပေးခံရသူ မဖြစ်စေရ။

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်စဉ် ဌာနဆိုင်ရာက ရာထူးမှ ထုတ်ပစ်ခြင်း သို့မဟုတ် အပြစ်ပေးခံရခြင်း သို့မဟုတ် ကိုယ်ကျင့်သိက္ခာ ဖောက်ဖျက်မှု၊ အလွဲသုံးစားမှု သို့မဟုတ် အဂတိလိုက်စားမှုဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင် ခံရခြင်း မရှိစေရ။

(ဃ) လူမွဲအဖြစ် တရားရုံးက ကြေညာခြင်းခံထားရသူ မဖြစ်စေရ။

(င) တရားလွှတ်တော်ရှေ့နေအဖြစ် ပေးဆောင်ရမည့်အခွန်အခများ ပေးဆောင်ပြီးဖြစ်ရမည်။

(စ) တရားလွှတ်တော်ရှေ့နေအဖြစ် ရှေ့နေလုပ်သက် အနည်းဆုံး ၁၀ နှစ်ရှိသူဖြစ်ရမည်။

၆။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ပဋိညာဉ်ချုပ်ဆိုပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် မရွှေ့ မပြောင်းနိုင်သည့် ပစ္စည်းများရယူပိုင်ဆိုင်ခွင့်၊ ဆောင်ရွက်ပြီး လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ ဆက်ခံပိုင်ခွင့်၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ ဆက်ခံပိုင်ခွင့်၊ မိမိအမည်ဖြင့် တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆို ခံနိုင်ခွင့်တို့ ရှိသည်။

၇။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီဝင်များအနက် ရာထူးအလျောက် ခန့်အပ်တာဝန်ပေးခြင်းခံရသူများမှအပ ကျန်မြန်မာနိုင်ငံ ရှေ့နေများကောင်စီဝင်များ၏ ရာထူးသက်တမ်းသည် စတင်ဖွဲ့စည်းတာဝန်ပေးသည့်နေ့မှ တစ်ကြိမ်လျှင် (၃/၄/၅) နှစ် ဖြစ်သည်။

၈။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီဝင်များအနက် ရာထူးအလျောက် ခန့်အပ်တာဝန်ပေးခြင်း ခံရသူများမှအပ ကျန် မြန်မာနိုင်ငံ ရှေ့နေများကောင်စီဝင်များသည် –

(က) ရာထူးသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်အထိ တာဝန်ထမ်းဆောင်နိုင်ခွင့် ရှိသည်။

(ခ) ဤဥပဒေအရ ပေးအပ်သောတာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ခြင်းအတွက် နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက ပြည်ထောင်စု ရှေ့နေချုပ်၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၉။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် –

(က) မြန်မာနိုင်ငံ ရှေ့နေများကောင်စီဝင်တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

(ခ) မြန်မာနိုင်ငံရှေ့နေများကောင်စီဝင် တစ်ဦးဦးအား စာရင်းစစ်အဖြစ် တာဝန်ပေးအပ်ရမည်။

(ဂ) လိုအပ်ပါက မြန်မာနိုင်ငံရှေ့နေများကောင်စီဝင်များအနက်မှ သင့်လျော်သူတို့ကို တွဲဖက်ဘဏ္ဍာရေးမှူးနှင့် တွဲဖက်စာရင်းစစ်အဖြစ် တာဝန်ပေးအပ်နိုင်သည်။

၁၀။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီဝင်အဖြစ် ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)(၄)(၅) အရ ရွေးချယ်တင်မြှောက်ခံရသည့်သူတစ်ဦးဦးသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ရာထူးတာဝန်မှ ရပ်စဲစေရမည် -

(က) ပုဒ်မ ၅ ပါအရည်အချင်း တစ်ရပ်ရပ် ပျက်ယွင်းခြင်း၊

(ခ) ရာထူးတာဝန်မှ နုတ်ထွက်ခြင်း၊

(ဂ) ကွယ်လွန်ခြင်း သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း၊

(ဃ) အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းတာဝန် ဆက်လက် မထမ်းဆောင်နိုင်ခြင်း၊

(င) ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုဖြင့် တရားလွှတ်တော်ရှေ့နေများ မှတ်ပုံတင်စာရင်းမှ ကာလ သတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(စ) ခိုင်လုံသော အကြောင်းမရှိဘဲ မြန်မာနိုင်ငံ ရှေ့နေများကောင်စီအစည်းအဝေးကို တစ်ဆက်တည်း ၃ ကြိမ် တက်ရောက်ရန် ပျက်ကွက်ခြင်း၊

(ဆ) မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်လုပ်ကိုင်ခြင်း။

၁၁။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီဝင် တစ်ဦးဦး၏ ရာထူးနေရာလစ်လပ်သည့်အခါ လစ်လပ်သည့် ရာထူးနေရာအတွက် ပုဒ်မ ၄ ပါ ရာထူးနေရာအတိုင်း အစားထိုးခန့်ထားခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်၍ ဖွဲ့စည်းရမည်။ ထိုသို့ အစားထိုး ဖြည့်စွက်ခြင်းခံရသူ၏ ရာထူး သက်တမ်းသည် စတင် အစားထိုး ခန့်ထားသည့်နေ့ရက်မှ (၃/၄/၅) နှစ်ဖြစ်သည်။ (သို့မဟုတ် လစ်လပ် သွားသည့် ရာထူးနေရာ၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးသည် အထိသာ ဖြစ်သည်။)

## အခန်း (၄)

## မြန်မာနိုင်ငံ ရှေ့နေများကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားမှုများကိုစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက တရားလွှတ်တော် ရှေ့နေအဖြစ် သက်သေခံ မှတ်ပုံတင် လက်မှတ် ထုတ်ပေးခြင်း၊

(ဂ) တရားလွှတ်တော်ရှေ့နေများ၏ မှတ်ပုံတင်စာရင်းနှင့် မှတ်တမ်းများကို ပြုစုခြင်းနှင့် ထိန်းသိမ်းခြင်း၊

(ဃ) မိမိ၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် မိမိကောင်စီဝင် အနည်းဆုံး ၃ ဦးမှ အများဆုံး ၅ ဦးအထိ ပါဝင်သည့် အောက်ပါ လုပ်ငန်း ကော်မတီများ (နှင့် ခုံရုံး) ကို ဖွဲ့စည်းပြီး တာဝန်ပေးခြင်း –

(၁) တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ/ ခုံရုံး)၊

(၂) တရားလွှတ်တော်ရှေ့နေများအား စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ၊

(၃) ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး ညှိနှိုင်းမှု လုပ်ငန်းကော်မတီ၊

(၄) မြန်မာနိုင်ငံရှေ့နေများကောင်စီ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်း ကော်မတီ၊

(၅) လိုအပ်သော အခြားလုပ်ငန်းကော်မတီများ။

(င) ရှေ့နေပညာနိုင်ငံတကာအဆင့်မီတိုးတက်ရေး၊ ရှေ့နေများ အရည်အသွေး ပြည့်ဝရေး နှင့် မွန်မြတ်သောရှေ့နေပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ရေးတို့အတွက် ပြည် တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(စ) ရှေ့နေပညာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေး နွေး ပွဲများနှင့် ညီလာခံများ ကြီးမှူးကျင်းပခြင်းနှင့် ရှေ့နေပညာရပ်များ ဖလှယ်ခြင်း၊

(ဆ) ရှေ့နေလိုက်သူများ စောင့်ထိန်းလိုက်နာရမည့် ရှေ့နေကျင့်ဝတ် သိက္ခာများကို သတ် မှတ်ခြင်း၊ ယင်းတို့ကို စောင့်ထိန်းလိုက်နာကြစေရန် အသိပညာဖြန့်ဝေခြင်း၊

(ဇ) ရှေ့နေ ကျင့်ဝတ်သိက္ခာနှင့်မညီသော တရားလွှတ်တော်ရှေ့နေများအား သတ်မှတ်ချက် များ နှင့်အညီ စုံစမ်းစစ်ဆေးပြီး စီမံခန့်ခွဲရေးအရ အရေးယူခြင်း၊

(ဈ) ရှေ့နေ ကျင့်ဝတ်သိက္ခာနှင့်အညီ တရားမျှတမှုအတွက် အမှုလိုက်ပါ ဆောင်ရွက်ခြင်း ပြုသည့် တရားလွှတ်တော်ရှေ့နေများ၏ အခွင့်အရေးများနှင့် ကင်းလွတ်ချက်များကို အကာအကွယ် ပေးခြင်း၊

(ည) တည်ဆဲဥပဒေများကိုသုံးသပ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းရေး အတွက် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်းတို့ ပြုနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြံပြုခြင်း၊

(ဋ) ဒေသဆိုင်ရာ ရှေ့နေများ ကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်း၊ ယင်းကောင်စီ များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ခြင်းတို့ ပြုရာတွင် ဖြစ်နိုင်သမျှ တပြေးညီ ဖြစ်စေရေးအတွက် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးခြင်းနှင့် ယေဘုယျ ကြီးကြပ်ခြင်း၊

(ဌ) အကြောင်းတစ်စုံတစ်ရာကြောင့် ဒေသဆိုင်ရာရှေ့နေများကောင်စီ တစ်ခုခုကို ရွေးချယ် တင်မြှောက်ပွဲ ကျင်းပနိုင်ခြင်း မရှိသည့်အခါ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် အထူး ကော်မရှင် ဖွဲ့စည်းပြီး အဆိုပါဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်ရွေးချယ် တင်မြှောက် ပွဲကို ကျင်းပစေခြင်း၊

(ဍ) ဒေသဆိုင်ရာ ရှေ့နေများကောင်စီများက တောင်းခံလာသည့် ဥပဒေရေးရာနှင့် ရှေ့နေ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းရေးတို့အတွက် အကြံဉာဏ်ပေးခြင်း၊

(ဎ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အများပြည်သူတို့ ဥပဒေရေးရာ သိကောင်းစရာ များကို အသိ ပညာပေးခြင်း၊

(ဏ) ပြည်သူများအား ဥပဒေရေးရာ အထောက်အကူပေးရေးအတွက် ပြည်ထောင်စု ဥပဒေ ဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(တ) သက်ဆိုင်ရာ ပညာရေးဥပဒေနှင့် အညီပုဂ္ဂလိကတို့မှ ဖွင့်လှစ်သည့် ဥပဒေပညာ သင်ကြား သော တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်သိပ္ပံတို့မှ သင်ကြားသော သင်ရိုးညွှန်းတမ်းများအား စိစစ်ပြီး အကြံပြုခြင်းနှင့် ယင်းတို့မှ ချီးမြှင့်သည့် ဘွဲ့ဒီဂရီနှင့် ဒီပလိုမာများကို အသိ အမှတ်ပြုခြင်း၊

(ထ) မသန်စွမ်းသော၊ နွမ်းပါးသော သို့မဟုတ် မကျန်းမာသော တရားလွှတ်တော် ရှေ့နေများအား မြန်မာနိုင်ငံရှေ့နေများကောင်စီ ရန်ပုံငွေမှ သင့်လျော်သော ထောက်ပံ့ငွေများ ချီးမြှင့်ခြင်း၊

(ဒ) ဝါရင့် တရားလွှတ်တော်ရှေ့နေများက အလုပ်သင်ရှေ့နေများအား ဥပဒေပညာ သင်တန်းများကို ပေးရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဓ) မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ရန်ပုံငွေသို့ တရားလွှတ်တော်ရှေ့နေများက ပေးသွင်းရမည့် ဝင်ကြေးနှင့် နှစ်စဉ်ကြေးများကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(န) ဥပဒေပညာရပ်ဆိုင်ရာ ပညာပေးစာအုပ်၊ စာစဉ်၊ ဂျာနယ်နှင့် စာစောင်များ ပြုစုရေးနှင့် ပုံနှိပ် ဖြန့်ချိရေးတို့ကို စီစဉ်ဆောင်ရွက်ခြင်း၊

(ပ) ဥပဒေပညာ ပြန့်ပွားရေးအတွက် ပြည်တွင်းပြည်ပ ဥပဒေပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများနှင့် စာစောင်များ စုဆောင်းပြီး စာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ခြင်းနှင့် ဥပဒေပညာရပ်ဆိုင်ရာ စာကြည့်တိုက်ကို ရှေ့နေလိုက်သူများ အသုံးပြုသည့် အလေ့အကျင့် များ တိုးပွားစေရန် စည်းရုံးဆောင်ရွက်ခြင်း၊

(ဖ) နိုင်ငံခြားရှိ ဥပဒေပညာရပ်ဆိုင်ရာ တက္ကသိုလ် တစ်ခုခုမှ ချီးမြှင့်သော ဥပဒေဘွဲ့၊ ဒီဂရီ တစ်ခုခုကို နှစ်နိုင်ငံ သဘောတူညီချက်အရ သတ်မှတ်ချက် များနှင့်အညီ အပြန် အလှန် အသိအမှတ်ပြုခြင်း၊ မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ဗ) နိုင်ငံတကာ ဥပဒေပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၊ ရှေ့နေအသင်းများ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့များနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဘ) ဤဥပဒေအရ ပေးအပ်သော အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၅)

## ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ဖွဲ့စည်းခြင်း

၁၃။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှေ့နေများ ကောင်စီကို ဖွဲ့စည်းရမည် –

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ် ဥက္ကဋ္ဌ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးတစ်ဦး အဖွဲ့ဝင်

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းရှိ ရှေ့နေလိုက်သူများက ရွေးချယ်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေ အနည်းဆုံး ၃ ဦးမှ အများဆုံး ၉ ဦး အဖွဲ့ဝင်များ

(ဃ) ပုဒ်မခွဲ(ဂ) အရရွေးချယ်တင်မြှောက်ခံရသည့် တရားလွှတ်တော်ရှေ့နေတစ်ဦး အတွင်းရေးမှူး

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေအရာရှိ တွဲဖက်အတွင်းရေးမှူး

၁၄။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် နေပြည်တော်ကောင်စီနှင့် ညှိနှိုင်းပြီး အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည့် နေပြည်တော်ကောင်စီ ရှေ့နေများ ကောင်စီကို ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသည့် ညွှန်ကြားရေးမှူးချုပ် တစ်ဦး ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စု တရားသူကြီးချုပ်က တာဝန်ပေးသည့် ညွှန်ကြားရေးမှူးချုပ် တစ်ဦး အဖွဲ့ဝင်

(ဂ) နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရှေ့နေလိုက်သူများက ရွေးချယ်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေ အနည်းဆုံး ၂ ဦးမှ အများဆုံး ၅ ဦး အဖွဲ့ဝင်များ

(ဃ) ပုဒ်မခွဲ (ဂ) အရရွေးချယ်တင်မြှောက်သည့် တရားလွှတ်တော် ရှေ့နေတစ်ဦး အတွင်းရေးမှူး

(င) ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသည့် ဥပဒေအရာရှိ တွဲဖက်အတွင်းရေးမှူး

၁၅။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ၏ အဖွဲ့ဝင်အဖြစ် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) အရ ရွေးချယ်တင်မြှောက်ခြင်း ခံရမည့်သူသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) ပုဒ်မ ၅၊ ပုဒ်မခွဲ (က) မှ (င) အထိ ပါရှိသော အချက်များ၊

(ခ) တရားလွှတ်တော်ရှေ့နေအဖြစ် ရှေ့နေလုပ်သက် အနည်းဆုံး ၅ နှစ်ရှိသူဖြစ်ရမည်။

၁၆။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ပဋိညာဉ်ချုပ်ဆိုပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ ရယူပိုင်ဆိုင်ခွင့်၊ ဆောင်ရွက်ပြီး လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများ ဆက်ခံပိုင်ခွင့်၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ ဆက်ခံပိုင်ခွင့်၊ မိမိအမည်ဖြင့် တရားစွဲဆိုနိုင် ခွင့်နှင့် တရားစွဲဆို ခံနိုင်ခွင့်တို့ ရှိသည်။

၁၇။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်များအနက် ရာထူးအလျောက် ခန့်အပ်တာဝန်ပေးခြင်း ခံရသူ များမှအပ ကျန်ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်များ၏ ရာထူးသက်တမ်းသည် စတင်ဖွဲ့စည်း တာဝန် ပေးသည့်နေ့မှ တစ်ကြိမ်လျှင် (၃/၄/၅) နှစ် ဖြစ်သည်။

၁၈။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်များအနက် ရာထူးအလျောက် ခန့်အပ်တာဝန်ပေးခြင်း ခံရသူ များမှအပ ကျန် ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်များသည် –

(က) ရာထူးသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်အထိ တာဝန်ထမ်းဆောင်နိုင်ခွင့် ရှိသည်။

(ခ) ဤဥပဒေအရ ပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ခြင်း အတွက် နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက ပြည်ထောင်စုရှေ့နေချုပ်၏ သဘောတူညီချက် ဖြင့် သတ်မှတ်ထားသော စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၁၉။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင် တစ်ဦးဦးအား ရာထူးရပ်စဲခြင်း၊ လစ်လပ်သည့် ရာထူးနေရာတွင် အစားထိုး ခန့်အပ်ခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းနှင့် အစားထိုး တာဝန်ပေးခြင်း ခံရသူ၏ ရာထူးသက်တမ်းတို့သည် ပုဒ်မ ၁၀ နှင့် ၁၁ ပါ အတိုင်းဖြစ်သည်။

## အခန်း (၆)

## ဒေသဆိုင်ရာ ရှေ့နေများကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၀။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားမှုများကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရခွင့်ပြုပါက အထက်တန်းရှေ့နေအဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊

(ဂ) အထက်တန်းရှေ့နေများ၏ မှတ်ပုံတင်စာရင်းနှင့် မှတ်တမ်းများကို ပြုစုခြင်းနှင့် ထိန်းသိမ်းခြင်း၊

(ဃ) မိမိ၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မိမိကောင်စီဝင် အနည်းဆုံး ၃ ဦးမှ အများဆုံး ၅ ဦးအထိ ပါဝင်သည့် အောက်ပါ လုပ်ငန်း ကော်မတီများ(နှင့် ခုံရုံး)ကို ဖွဲ့စည်းပြီး တာဝန်ပေးခြင်း –

(၁) အထက်တန်းရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်း ကော်မတီ/ ခုံရုံး)၊

(၂) အထက်တန်းရှေ့နေများအား စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ၊

(၃) ဒေသဆိုင်ရာ ဥပဒေအထောက်အကူပေးရေး ညှိနှိုင်းမှု လုပ်ငန်းကော်မတီ၊

(၄) ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ရန်ပုံငွေ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်း ကော်မတီ၊

(၅) လိုအပ်သော အခြားလုပ်ငန်းကော်မတီများ။

(င) ရှေ့နေပညာ အဆင့်မီ တိုးတက်ရေး၊ ရှေ့နေများ အရည်အသွေး ပြည့်ဝရေးနှင့် မွန်မြတ်သောရှေ့နေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးတို့အတွက် ပြည်တွင်းမှ ဥပဒေဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(စ) ရှေ့နေပညာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများ ကြီးမှူးကျင်းပခြင်းနှင့် ရှေ့နေပညာရပ်များ ဖလှယ်ခြင်း၊

(ဆ) သတ်မှတ်ထားသည့် ရှေ့နေကျင့်ဝတ်သိက္ခာများနှင့်အညီ ရှေ့နေလိုက်သူများ စောင့်ထိန်း လိုက်နာကြစေရန် အသိပညာဖြန့်ဝေခြင်း၊

(ဇ) ရှေ့နေ ကျင့်ဝတ်သိက္ခာနှင့်မညီသော အထက်တန်းရှေ့နေများအား သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး စီမံခန့်ခွဲရေးအရ အရေးယူခြင်း၊

(ဈ) ရှေ့နေ ကျင့်ဝတ်သိက္ခာနှင့်အညီ တရားမျှတမှုအတွက် အမှုလိုက်ပါ ဆောင်ရွက်ခြင်း ပြုသည့် အထက်တန်းရှေ့နေများ၏ အခွင့်အရေးများနှင့် ကင်းလွတ်ချက်များကို အကာ အကွယ် ပေးခြင်း၊

(ည) တည်ဆဲဥပဒေများကို သုံးသပ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းရေး အတွက် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်းတို့ ပြုနိုင်ရန် မြန်မာ နိုင်ငံ ရှေ့နေများကောင်စီသို့ အကြံပြုခြင်း၊

(ဋ) ဒေသဆိုင်ရာ ရှေ့နေလိုက်သူများက တောင်းခံလာသည့် ဥပဒေရေးရာနှင့် ရှေ့နေကျင့် ဝတ်သိက္ခာ ထိန်းသိမ်းရေးတို့အတွက် အကြံဉာဏ်ပေးခြင်း၊

(ဌ) ဒေသဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အများပြည်သူတို့ ဥပဒေရေးရာ သိကောင်းစရာများ ကို အသိပညာပေးခြင်း၊

(ဍ) ပြည်သူများအား ဥပဒေရေးရာ အထောက်အကူပေးရေးအတွက် သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဎ) ဝါရင့်တရားလွှတ်တော်ရှေ့နေများက အလုပ်သင်ရှေ့နေများအား ဥပဒေပညာ သင်တန်း များကို ပေးရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်ရန် စီစဉ်ဆောင်ရွက် ခြင်း၊

(ဏ) ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ရန်ပုံငွေသို့ အထက်တန်းရှေ့နေများက ပေးသွင်းရန် သတ်မှတ်ထားသည့် ဝင်ကြေးနှင့် နှစ်စဉ်ကြေးများကို ကောက်ခံခြင်းနှင့် မှန်ကန်စွာ ပေးသွင်းစေရန် ကြီးကြပ်ခြင်း၊

(တ) ဥပဒေပညာရပ်ဆိုင်ရာ ပညာပေးစာအုပ်၊ စာစဉ်၊ ဂျာနယ်နှင့် စာစောင်များ ပြုစုရေးနှင့် ပုံနှိပ် ဖြန့်ချိရေးတို့ကို စီစဉ်ဆောင်ရွက်ခြင်း၊

(ထ) ဥပဒေပညာ ပြန့်ပွားရေးအတွက် ပြည်တွင်း ပြည်ပ ဥပဒေပညာရပ်ဆိုင်ရာ စာအုပ် စာတမ်းများနှင့် စာစောင်များ စုဆောင်းပြီး စာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ခြင်း နှင့် ဥပဒေပညာရပ်ဆိုင်ရာ စာကြည့်တိုက်ကို ရှေ့နေလိုက်သူများ အသုံးပြုသည့် အလေ့ အကျင့်များ တိုးပွားစေရန် စည်းရုံးဆောင်ရွက်ခြင်း၊

(ဒ) ဤဥပဒေအရ ပေးအပ်သော အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၇)

## ရှေ့နေအလုပ် သင်ကြားခြင်း

၂၁။ အလုပ်သင်ရှေ့နေအဖြစ် လျှောက်ထားရာတွင် အောက်ပါအရည်အချင်းများနှင့် လိုအပ်ချက်များ ပြည့်စုံရမည် -

(က) မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) နိုင်ငံတော်အတွင်းရှိ ဥပဒေပညာရပ်ဆိုင်ရာ တက္ကသိုလ် တစ်ခုခုမှ ဥပဒေ ဝိဇ္ဇာဘွဲ့ (B.L.) ရရှိသူ၊ ဥပဒေဘွဲ့ [B.A.(law)LL.B သို့မဟုတ် LL.B] ရရှိသူ သို့မဟုတ် မှတ်ပုံတင်ရှေ့နေ သင်တန်း တက်ရောက်အောင်မြင်ပြီးသူ သို့မဟုတ် ပညာရေးဝန်ကြီးဌာနက သတ်မှတ်သည့် ဥပဒေပညာရပ်ဆိုင်ရာ စာမေးပွဲအောင်မြင်ပြီးသူ သို့မဟုတ် ဖော်ပြပါယင်းဥပဒေဆိုင်ရာ ဘွဲ့များထက်အဆင့်မနိမ့်သည့် နိုင်ငံတကာ ဥပဒေဆိုင်ရာဘွဲ့ တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။

(ဂ) အလုပ်သင်ကြားပေးသည့် တရားလွှတ်တော်ရှေ့နေမှာ လုပ်သက် အနည်းဆုံး ၅ နှစ်ရှိရမည်ဖြစ်သည်။ ထို့ပြင် ၎င်းသည် ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုဖြင့် မြန်မာနိုင်ငံ ရှေ့နေများကောင်စီက တရားလွှတ်တော်ရှေ့နေ မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းထားခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ခံထားရသူ မဖြစ်စေရ။

(ဃ) နိုင်ငံခြား တရားရုံး တစ်ခုခုတွင် ရှေ့နေလိုက်သူအဖြစ် စာရင်းသွင်းထားသူ မဖြစ်စေရ။

(င) အဂတိလိုက်စားမှုဖြင့်ဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာ ဖောက်ဖျက်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား၍ ထောင်ဒဏ် ကျခံပြီးသူ သို့မဟုတ် ထောင်ဒဏ် ကျခံဆဲဖြစ်သူ မဖြစ်စေရ။

(စ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်စဉ်ပြည်သူပိုင် သို့မဟုတ် အများပိုင်ပစ္စည်းကို အလွဲသုံးစားမှု၊ အဂတိလိုက်စားမှု သို့မဟုတ် ကိုယ်ကျင့်သိက္ခာဖောက်ဖျက်မှုဖြင့် ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း သို့မဟုတ် ထုတ်ပစ်ခြင်းခံရသူ မဖြစ်စေရ။

(ဆ) မြန်မာနိုင်ငံ ရှေ့နေများကောင်စီက သတ်မှတ်သည့် အခြားအရည်အချင်းများ၊ လိုအပ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

၂၂။ ပုဒ်မ ၂၁ ပါ အရည်အချင်းများ၊ လိုအပ်ချက်များနှင့် ပြည့်စုံသဖြင့် အလုပ်သင်ရှေ့နေအဖြစ် ဆောင်ရွက်လိုသူသည် –

(က) မိမိရှေ့နေအလုပ်သင်ကြားမည့် နယ်မြေရှိ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် လျှောက်လွှာတွင် အလုပ်သင်ကြားပေးသည့် တရားလွှတ်တော်ရှေ့နေအား ထပ်ဆင့်လက်မှတ် ရေးထိုးစေပြီး ရုံးခွန်အက်ဥပဒေအရ သတ်မှတ်ထားသော ရုံးခွန်တံဆိပ်ခေါင်း ကပ်ရမည်။

၂၃။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် –

(က) ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို စိစစ်ပြီး အလုပ်သင်ရှေ့နေအဖြစ် သင်ကြားခွင့်ပြုခြင်း၊ သင်ကြားရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ သင်ကြားရန် ခွင့်ပြုပါက ရှေ့နေအလုပ် သင်ကြားခွင့်ပြုကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

၂၄။ အလုပ်သင်ရှေ့နေသည် ပုဒ်မ ၂၃ အရ ရှေ့နေအလုပ် သင်ကြားခွင့်ပြုကြောင်း အကြောင်းကြားစာ ကို လက်ခံရရှိသည့်အခါ မည်သည့်နေ့ရက်မှစ၍ အလုပ်သင်ကြားနေပြီဖြစ်ကြောင်း အစီရင်ခံစာကို အလုပ်သင်ကြားပေးသည့် တရားလွှတ်တော်ရှေ့နေအား ထပ်ဆင့် လက်မှတ်ရေးထိုးစေပြီး ဒေသဆိုင်ရာ ရှေ့နေများကောင်စီသို့ ပေးပို့ရမည်။

၂၅။ အလုပ်သင်ရှေ့နေသည် –

(က) သတ်မှတ်ထားသည့် အမှုလိုက် နေ့စဉ်မှတ်တမ်း ပုံစံတွင် တက်ရောက်လေ့လာသည့် တရားရုံး တရားသူကြီး၏ လက်မှတ်ရေးထိုးစေရမည့်အပြင် သင်ကြားပေးသည့် တရားလွှတ်တော်ရှေ့နေကိုလည်း လက်မှတ်ရေးထိုးစေရမည်။

(ခ) ရှေ့နေအလုပ် သင်ကြားနေသည့် ကာလတွင် ရှေ့နေအလုပ်သင်ကြားခြင်းကို ထိခိုက်စေသည့် အခြားစီးပွားရေး လုပ်ငန်း တစ်ခုခု လုပ်ကိုင်ခြင်း မပြုရ။

၂၆။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုတွင် ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူသည် ပုဒ်မ ၂၁ ပါ အရည်အချင်းများနှင့် လိုအပ်ချက်များ ပြည့်စုံပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် ရှေ့နေအလုပ် သင်ကြားခွင့်ပြုရန် မိမိရှေ့နေအလုပ် သင်ကြားမည့် နယ်မြေရှိ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသို့ ပုဒ်မ ၂၂ ပါ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားပြီး ခွင့်ပြုချက် ရယူရမည်။

## အခန်း (၈)

## အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းနှင့် အမှုလိုက်ပါ ဆောင်ရွက်ခြင်း

၂၇။ (၁) ပုဒ်မ ၂၁ ပါ အရည်အချင်းများနှင့် လိုအပ်ချက်များ ပြည့်စုံသော အလုပ်သင်ရှေ့နေသည် -

(က) ရှေ့နေအလုပ် သင်ကြားမှု တစ်နှစ်ပြည့်မြောက်သည့်အခါ သင်ကြားပေးသည့် တရားလွှတ်တော် ရှေ့နေ၏ ရှေ့နေအလုပ် သင်ကြားမှု ပြီးဆုံးကြောင်း ထောက်ခံချက် နှင့်အတူ အမှုလိုက် နေ့စဉ်မှတ်တမ်း ပူးတွဲ၍ အထက်တန်းရှေ့နေအဖြစ် သက်သေခံ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ဒေသဆိုင်ရာ ရှေ့နေများကောင်စီသို့ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေအရ သတ်မှတ်ထားသော အခွန် တံဆိပ်ခေါင် ပူးတွဲ၍ တင်ပြရမည်။

(၂) အစိုးရရှေ့နေဖြင့်ဆောင်ရွက်နေသည့် ဥပဒေအရာရှိအဆင့်၄များသည် အထက်တန်းရှေ့နေ အဖြစ်သက်သေခံ မှတ်ပုံတင်လက်မှတ် မရရှိသေးပါက အထက်တန်းရှေ့နေ အဖြစ်သက်သေခံမှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ပြည်ထောင်စုရှေ့နေချုပ်ရုံး သို့မဟုတ် သက်ဆိုင်ရာဥပဒေချုပ်ရုံးမှတစ်ဆင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီသို့ လျှောက်ထားရမည်။

(၃) ဤဥပဒေမပြဋ္ဌာန်းမီက အထက်တန်းရှေ့နေ အဖြစ်မှတ်ပုံတင် စာရင်းမှပယ်ဖျက်ခြင်းခံထားရသူများသည် ဤဥပဒေနှင့်အညီ အထက်တန်းရှေ့နေအဖြစ်မှတ်ပုံတင် သက်သေခံ လက်မှတ် ထုတ်ပေးရန် ဒေသဆိုင်ရာ ရှေ့နေများကောင်စီ သို့လျှောက်ထားနိုင်သည်။

၂၈။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် -

(က) ပုဒ်မ ၂၆ နှင့် ၂၇ တို့အရ လျှောက်ထားချက်နှင့် တင်ပြချက်တို့ကို စိစစ်ပြီး အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်ပြုရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ထိုသို့ခွင့်ပြုပါက အထက်တန်းရှေ့နေများ မှတ်ပုံတင်စာရင်းတွင် ရေးသွင်း ပြီး

အထက်တန်းရှေ့နေအဖြစ် သက်သေခံမှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ထားသော အခွန် တံဆိပ်ခေါင်းဖြင့် ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးရာတွင် လက်တွေ့ အမှုလိုက်ပါ ဆောင်ရွက်ခြင်း ပြုမည့် အထက်တန်းရှေ့နေအား ပြက္ခဒိန်နှစ် တစ်နှစ်အတွက် အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုရန် မှတ်ချက်ပြုပြီး လက်တွေ့ အမှုလိုက်ပါ ဆောင်ရွက်ခြင်း မပြုသည့် ပြည်သူ့ဝန်ထမ်းအား အမှုလိုက်ပါဆောင်ရွက်ခြင်းပြုရန် ခွင့်မပြုသည့်အပြင် ၎င်းတို့၏ အထက်တန်းရှေ့နေ သက်သေခံမှတ်ပုံတင် လက်မှတ်များကို အသစ်လဲလှယ်ခြင်းမှ ကင်းလွတ်ခွင့် ပြုကြောင်း မှတ်ချက်ရေးသားရမည်။

၂၉။ ပုဒ်မ ၂၆ နှင့် ၂၈ တို့ပါ ပြဋ္ဌာန်းချက်အရ ပြည်သူ့ဝန်ထမ်းက အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့် လျှောက်ထားခြင်းနှင့် ၎င်းအား ဝင်ခွင့်ပြုသည့် သက်သေခံ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အစိုးရရှေ့နေ သို့မဟုတ် ဥပဒေအရာရှိနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၀။ အထက်တန်းရှေ့နေအဖြစ် သက်သေခံ မှတ်ပုံတင်လက်မှတ် ရရှိသူသည် -

(က) သတ်မှတ်ပေးသည့် ပြက္ခဒိန်နှစ် တစ်နှစ်ပြည့်ပြီးနောက် ဆက်လက်၍ အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုလုပ်လိုသည့်အခါ ထိုတစ်နှစ် မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင်လက်မှတ် အသစ်လဲလှယ် ထုတ်ပေးရန် သက်ဆိုင်သည့်ဒေသဆိုင်ရာ ရှေ့နေများကောင်စီသို့ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင်လက်မှတ် အသစ်လဲလှယ် ထုတ်ပေးရန် လျှောက်ထားရာတွင် အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ လျှောက်ထားခြင်း မပြုပါက သတ်မှတ်ထားသည့် ရက်လွန်ကြေး ပေးသွင်းရမည်။

၃၁။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် ပုဒ်မ ၃၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ထားသော အခွန်တံဆိပ်ခေါင်းဖြင့် အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင်လက်မှတ် အသစ် လဲလှယ် ထုတ်ပေးရမည်။

၃၂။ အထက်တန်းရှေ့နေတစ်ဦးဦးသည် သက်တမ်းရှိ အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင် လက်မှတ်ရရှိမှသာ သက်ဆိုင်ရာအမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုနိုင်သည့်ရုံးတွင် အမှုလိုက်ပါ ဆောင်ရွက်ခြင်း ပြုနိုင်သည်။

၃၃။ အထက်တန်းရှေ့နေတစ်ဦးဦးသည် မိမိအားအမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုရန် ခွင့်ပြုထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှအပ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသို့ပြောင်းရွှေ့ပြီး အမှုလိုက်ပါဆောင်ရွက်ခြင်းပြုရန် အကြောင်းပေါ်ပေါက်ပါက အထက်တန်းရှေ့နေမှတ်ပုံတင်စာရင်း လွှဲပြောင်းပေးရန် မိမိအား မှတ်ပုံတင်စာရင်း ရေးသွင်းထားသည့် ဒေသဆိုင်ရာ ရှေ့နေ များကောင်စီသို့ တင်ပြရမည်။

၃၄။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် ပုဒ်မ ၃၃ အရ တင်ပြလာသည့်အခါ အထက်တန်းရှေ့နေ မှတ်ပုံတင်စာရင်းမှ ထိုသူ၏ အမည်စာရင်းကို ပယ်ဖျက်ပြီး ပြောင်းရွှေ့လိုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အထက်တန်းရှေ့နေ မှတ်ပုံတင်စာရင်းတွင် သတ်မှတ်ချက်များနှင့်အညီ ရေးသွင်းနိုင်ရန် ပြောင်းရွှေ့သည့် ဒေသဆိုင်ရာ ရှေ့နေများ ကောင်စီသို့ လွှဲပြောင်းပေးရမည်။

၃၅။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် အောက်ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သော အထက်တန်းရှေ့နေအား အထက်တန်းရှေ့နေများ မှတ်ပုံတင်စာရင်းမှ ဖယ်ရှားရမည် -

(က) ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုကြောင့် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) အကျိုးအမြတ်ရရှိသော ကုန်သွယ်မှုသို့မဟုတ် စီးပွားရေးလုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ ပယ်ဖျက်ပေးရန် ကာယကံရှင်က တင်ပြခြင်း၊

(ဂ) ရှေ့နေအဖြစ် ၃ နှစ် တစ်ဆက်တည်း အမှုလိုက်ပါဆောင်ရွက်ခြင်း မပြုခြင်း သို့မဟုတ် သက်သေခံ မှတ်ပုံတင်လက်မှတ် အသစ် လဲလှယ်ရန် ပျက်ကွက်ခြင်း၊

(ဃ) နိုင်ငံခြားတွင် ရှေ့နေလိုက်သူအဖြစ် စာရင်းသွင်းထားပြီး နိုင်ငံခြားတရားရုံးတစ်ခုခုတွင် အမှုလိုက်ပါဆောင်ရွက်ခြင်း၊

(င) ကွယ်လွန်ခြင်း သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း။

## အခန်း (၉)

## တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့် လျှောက်ထားခြင်းနှင့် အမှုလိုက်ပါ ဆောင်ရွက်ခြင်း

၃၆။ (၁)အထက်တန်းရှေ့နေသည် အောက်ပါ အရည်အချင်းများနှင့် လိုအပ်ချက်များ ပြည့်စုံပါက တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်ပြုရန် မြန်မာနိုင်ငံ ရှေ့နေများကောင်စီသို့ တိုက်ရိုက်ဖြစ်စေ၊

အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုသည့် အရပ်ရှိ ဒေသဆိုင်ရာရှေ့နေများကောင်စီမှ တစ်ဆင့် မြန်မာနိုင်ငံ ရှေ့နေများကောင်စီသို့ ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည် -

(က) ပုဒ်မ ၂၁ ပါ အရည်အချင်းများနှင့် လိုအပ်ချက်များ ပြည့်စုံသူ ဖြစ်ရမည်။

(ခ) အထက်တန်းရှေ့နေ သက်သေခံမှတ်ပုံတင်လက်မှတ်ကို (၃) နှစ်တစ်ဆက်တည်း အသစ်လဲလှယ်ခဲ့သူ သို့မဟုတ် အထက်တန်းရှေ့နေ သက်သေခံလက်မှတ်ရရှိပြီး နိုင်ငံ့ဝန်ထမ်းအနေဖြင့်ဖြစ်စေ၊ တရားရေးသို့မဟုတ် ဥပဒေရေးရာ တာဝန်ကို အနည်းဆုံး ၅ နှစ် ထမ်းရွက်ခဲ့ဖူးသူ ဖြစ်ရမည်။

(၂) ဤဥပဒေမပြဋ္ဌာန်းမီက တရားလွှတ်တော်ရှေ့နေအဖြစ် မှတ်ပုံတင် စာရင်းမှပယ်ဖျက်ခြင်း ခံထားရသူများသည် ဤဥပဒေ နှင့် အညီ တရားလွှတ်တော်ရှေ့နေအဖြစ် မှတ်ပုံတင် သက်သေခံလက်မှတ် ထုတ်ပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီ သို့ လျှောက်ထားနိုင်သည်။

၃၇။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် -

(က) ပုဒ်မ ၃၆ အရ လျှောက်ထားချက်ကို စိစစ်ပြီး တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်ပြုရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား တရားလွှတ်တော်ရှေ့နေများ မှတ်ပုံတင် စာရင်းတွင် အစီအစဉ်အလိုက် ရေးသွင်း၍ သတ်မှတ်ထားသော ဝင်ကြေးနှင့် နှစ်စဉ်ကြေး တို့ကို ပေးသွင်းစေပြီး တရားလွှတ်တော်ရှေ့နေအဖြစ် သက်သေခံ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

(ဂ) တရားလွှတ်တော်ရှေ့နေအဖြစ် သက်သေခံ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးပြီးသည့် တရားလွှတ်တော်ရှေ့နေများစာရင်းကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ပေးပို့ရမည်။

၃၈။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် ပုဒ်မ ၃၅ ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သော တရားလွှတ်တော်ရှေ့နေအား တရားလွှတ်တော်ရှေ့နေများ မှတ်ပုံတင်စာရင်းမှ ဖယ်ရှားရမည်။

## အခန်း (၁၀)

## အမှုလိုက်ပါဆောင်ရွက်ခြင်း

၃၉။ ရှေ့နေလိုက်သူများသည် သက်ဆိုင်ရာ အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုနိုင်သည့် ရုံးများတွင် အမျိုးသား အမျိုးသမီး မခွဲခြားဘဲ အမှုလိုက်ပါ ဆောင်ရွက်ခြင်း ပြုနိုင်သည်။

၄၀။ တရားလွှတ်တော်ရှေ့နေသည် သတ်မှတ်ထားသည့် နှစ်စဉ်ကြေးကို ပေးသွင်းပြီးပါက နိုင်ငံတော်တစ်ဝန်းလုံးရှိ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့် ရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည်။

၄၁။ သက်တမ်းရှိ အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင်လက်မှတ် ရှိသူသည်ခွင့်ပြုထားသည့် ခရိုင်တရားရုံး၊ မြို့နယ်တရားရုံး၊ အခွန်ရုံး၊ အယူခံရုံး၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုရုံးတွင်လည်းကောင်း၊ ဤဥပဒေအရ ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုဖြင့် စုံစမ်းစစ်ဆေးသည့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီက ဖွဲ့စည်းသော လုပ်ငန်းကော်မတီ (သို့မဟုတ် ခုံရုံး)တွင်လည်းကောင်း၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အထက်တန်းရှေ့နေအား အမှုလိုက်ပါ ဆောင်ရွက်ခွင့်ပြုသည့် ရုံး တစ်ခုခုတွင်လည်းကောင်း အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုနိုင်သည်။

၄၂။ ရှေ့နေလိုက်သူ တစ်ဦးဦးမှာ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ သက်ဆိုင်ရာမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည် -

(က) ရှေ့နေလိုက်သူ တစ်ဦးဦးက အကြောင်း တစ်စုံတစ်ရာကြောင့် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်း မပြုလိုသဖြင့် ရှေ့နေ လိုက်ခြင်းမှ ကာလသတ်မှတ်၍ ခေတ္တ ရပ်ဆိုင်းထားရန် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရန် တောင်းဆိုခြင်း၊

(ခ) နိုင်ငံခြားရှိ တရားရုံးတစ်ခုခုတွင် ရှေ့နေအဖြစ် စာရင်းသွင်း ထားခြင်း၊

(ဂ) အကျိုးအမြတ်ရရှိသည့် ကုန်သွယ်မှု သို့မဟုတ် အခြား စီးပွားရေး လုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်ခြင်း သို့မဟုတ် ထိုသို့ ဝင်ရောက်လုပ်ကိုင်ကြောင်း သက်ဆိုင်ရာ ရှေ့နေများကောင်စီသို့ စာဖြင့် အကြောင်းကြားခြင်း၊

(ဃ) ပုဒ်မ ၂၁ ပါ အရည်အချင်းတစ်ရပ်ရပ် ပျက်ယွင်းခြင်း။

၄၃။ နိုင်ငံခြားသား ရှေ့နေလိုက်သူများသည် နိုင်ငံတော် အတွင်းရှိ အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုနိုင်သည့် ရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ခြင်း မပြုနိုင်။

## အခန်း (၁၁)

## အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုရာတွင် ဦးစားပေးခြင်း

၄၄။ ပြည်ထောင်စုရှေ့နေချုပ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

တရားလွှတ်တော်တွင်လည်းကောင်း အခြားသော တရားလွှတ်တော် ရှေ့နေများထက် ဦးစွာလျှောက်ထားခွင့်၊ လျှောက်လဲခွင့်၊ တင်ပြခွင့်နှင့် ဆောင်ရွက်ခွင့်တို့ ရှိသည်။

၄၅။ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်တို့မှအပ တရားလွှတ်တော် ရှေ့နေများသည် သက်ဆိုင်ရာ အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုနိုင်သည့် ရုံးများတွင် အထက်တန်း ရှေ့နေများထက် ဦးစွာလျှောက်ထားခွင့်၊ လျှောက်လဲခွင့်၊ တင်ပြခွင့်နှင့် ဆောင်ရွက်ခွင့်တို့ ရှိသည်။

၄၆။ သက်ဆိုင်ရာ အမှုလိုက်ပါ ဆောင်ရွက်ခြင်း ပြုနိုင်သည့်ရုံးများတွင် ဦးစွာလျှောက်ထားခွင့်၊ လျှောက်လဲခွင့်၊ တင်ပြခွင့်နှင့် ဆောင်ရွက်ခွင့်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ –

(က) တရားလွှတ်တော် ရှေ့နေများသည် မိမိတို့အနက် သက်သေခံ မှတ်ပုံတင်အမှတ် ဝါစဉ်အရဝါရင့်သည့် တရားလွှတ်တော်ရှေ့နေကို ဦးစားပေးရမည်။

(ခ) အထက်တန်းရှေ့နေများသည် မိမိတို့အနက် သက်သေခံ မှတ်ပုံတင်အမှတ် ဝါစဉ်အရဝါရင့်သည့် အထက်တန်းရှေ့နေကို ဦးစားပေးရမည်။

(ဂ) အထက်တန်းရှေ့နေများသည် မိမိတို့အချင်းချင်း သက်သေခံ မှတ်ပုံတင်အမှတ် ဝါစဉ်တူနေလျှင် အသက်ကြီးသည့် အထက်တန်းရှေ့နေကို ဦးစားပေးရမည်။

## အခန်း (၁၂)

## ရှေ့နေလိုက်သူများ၏ တာဝန်နှင့် အခွင့်အရေးများ

၄၇။ ရှေ့နေလိုက်သူများသည် –

(က) ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) သတ်မှတ်ထားသည့် ရှေ့နေကျင့်ဝတ်သိက္ခာများနှင့်အညီ ရှေ့နေပညာဖြင့် မွန်မြတ်သော အသက်မွေးဝမ်းကျောင်းမှု ပြုရမည်။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ရှေ့နေများကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) ရှေ့နေလုပ်ငန်းအပြင်အခြားစီးပွားရေး လုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်ပါက အမှုသည်၏ အကျိုးစီးပွားကို ထိခိုက်နိုင်သဖြင့် ထိုသို့ ဝင်ရောက်လုပ်ကိုင်ကြောင်း ဖော်ပြပြီး မိမိအားအမှုလိုက်ပါ ဆောင်ရွက်ခြင်းမှ ကာလသတ်မှတ်၍ ဆိုင်းငံ့ခွင့်ပြုရန် သို့မဟုတ် သက်ဆိုင်ရာ ရှေ့နေလိုက်သူများ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရန် သက်ဆိုင်ရာရှေ့နေများကောင်စီ သို့ အကြောင်းကြားရမည်။

(င) ရှေ့နေခနှင့် ပေးချေရမည့် ကာလကို အမှုသည်နှင့် နှစ်ဖက်သဘောတူ သတ်မှတ်နိုင်သည်။ ထိုသို့ နှစ်ဖက်သဘောတူ သတ်မှတ်ထားသော ရှေ့နေခကိုဖြစ်စေ၊ အမှုလိုက်ပါ ဆောင်ရွက် ခြင်းနှင့်စပ်လျဉ်း၍ တရားစရိတ်အဖြစ် သတ်မှတ်သော ရှေ့နေခကိုဖြစ်စေ ရရှိရေးအတွက် တရားစွဲ၍ တောင်းဆိုခွင့်ရှိသည်။

၄၈။ တရားလွှတ်တော် ရှေ့နေများသည် -

(က) သတ်မှတ်ထားသော တရားလွှတ်တော်ရှေ့နေ နှစ်စဉ်ကြေးကို မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီသို့ တိုက်ရိုက်ဖြစ်စေ၊ ဒေသဆိုင်ရာ ရှေ့နေများ ကောင်စီမှတစ်ဆင့်ဖြစ်စေ မှန်ကန်စွာ ပေးသွင်းရမည်။

(ခ) သတ်မှတ်ထားသော တရားလွှတ်တော်ရှေ့နေ နှစ်စဉ်ကြေးကို ပေးသွင်းပြီးမှသာ အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုနိုင်သည့် ရုံးတွင် အမှုလိုက်ပါ ဆောင်ရွက်နိုင်ခွင့် ရှိသည်။

(ဂ) တရားလွှတ်တော် ရှေ့နေအဖြစ် လက်တွေ့အမှုလိုက်ပါဆောင်ရွက်ခြင်းမရှိသော်လည်း သတ်မှတ်ထားသော နှစ်စဉ်ကြေးကို မှန်ကန်စွာ ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းပြီးမှသာ မိမိအမည်နှင့် ယှဉ်တွဲ၍ တရားလွှတ်တော်ရှေ့နေဟု ဖော်ပြပိုင်ခွင့်ရှိသည်။

၄၉။ အထက်တန်းရှေ့နေများသည် -

(က) တစ်နှစ်သက်တမ်းအတွက် သတ်မှတ်ထားသော အထက်တန်းရှေ့နေ အခကြေးငွေကို ဒေသဆိုင်ရာ ရှေ့နေများ ကောင်စီသို့ မှန်ကန်စွာ ပေးသွင်းရမည်။

(ခ) မိမိရရှိထားသော အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသည့်အခါ အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုရန်ရှိပါက မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ဒေသဆိုင်ရာရှေ့နေများကောင်စီသို့ လျှောက်ထားခွင့်ရှိသည်။

(ဂ) သက်တမ်းရှိသော အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားရှိမှသာ သက်ဆိုင်ရာ အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုနိုင်သည့် ရုံးတွင် အမှုလိုက်ပါဆောင်ရွက်နိုင်ခွင့်နှင့် အထက်တန်းရှေ့နေဟူသော အမည်ကို အသုံးပြုခွင့် ရှိသည်။

## အခန်း (၁၃)

## ရှေ့နေ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုများအား စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း

၅၀။ ရှေ့နေလိုက်သူသည် အောက်ပါကိစ္စတစ်ရပ်ရပ်နှင့် ငြိစွန်းပါက ရှေ့နေကျင့်ဝတ်သိက္ခာဖောက်ဖျက်သူဟု မှတ်ယူခြင်းခံရမည် –

(က) ရှေ့နေလိုက်သူက မိမိအား ငှားရမ်းထားသော အမှုသည်နှင့် ၎င်း၏အခွင့်ရ ကိုယ်စားလှယ်၊ ၎င်းကလွှဲအပ်သည့် ဆွေမျိုးမိတ်ဆွေ သို့မဟုတ် ဝန်ထမ်းတို့မှအပ အခြားသူတစ်ဦးဦးထံမှ အမှုနှင့်စပ်လျဉ်း၍ ညွှန်ကြားချက် ရယူခြင်း၊

(ခ) ရှေ့နေလုပ်ငန်းဆောင်ရွက်ရာတွင် လိမ်လည်လှည့်ဖျား၍ဖြစ်စေ၊ အလျဉ်းမသင့်မလျော်အောင်ဖြစ်စေ ဆောင်ရွက်ခြင်းဖြင့် အပြစ်ရှိသူဖြစ်ခြင်း၊

(ဂ) မိမိအတွက်ဖြစ်စေ၊ အခြားရှေ့နေလိုက်သူ တစ်ဦးဦးအတွက်ဖြစ်စေ ရှေ့နေလုပ်ငန်းတစ်ခုခု ရရှိရေးအတွက်သော်လည်းကောင်း၊ ရရပြီးသော ရှေ့နေလုပ်ငန်း တစ်ခုခုအတွက်သော် လည်းကောင်း အမှုဆွယ်ပေးသူအား မိမိရရှိထားသော ရှေ့နေခထဲမှ အဖိုးအခ တစ်စုံတစ်ရာ ကိုဖြစ်စေ၊ လာဘ်လာဘ တစ်စုံတစ်ရာကိုဖြစ်စေ ပေးရန် ကမ်းလှမ်းခြင်း၊ ပေးကမ်းခြင်း သို့မဟုတ် ပေးပါမည်ဟု ကတိပေး သဘောတူထားခြင်း၊

(ဃ) ရှေ့နေလုပ်ငန်း တစ်ခုခု ရရှိရေးအတွက် ပုဂ္ဂိုလ် တစ်ဦးဦးအား အခကြေးငွေ ပေး၍ဖြစ်စေ၊ ပေးရန်သဘောတူ၍ သို့မဟုတ် ကတိပြု၍ဖြစ်စေ ထိုသူမှတစ်ဆင့် သော်လည်းကောင်း၊ ထိုသူက ကြားဝင်ဆောင်ရွက်၍သော်လည်းကောင်း ရှေ့နေလုပ်ငန်း တစ်ခုခုရရှိရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆောင်ရွက်ခြင်း သို့မဟုတ် ထိုသို့ ဆောင်ရွက်ရန် အားထုတ်ခြင်း၊

(င) အမှုပွဲစားဟု ကြေညာခြင်းခံထားရသူ ထံမှတစ်ဆင့် ရှေ့နေလုပ်ငန်း တစ်ခုလက်ခံခြင်း၊

(စ) ကိုယ်ကျင့်သိက္ခာ ပျက်ပြားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား၍ ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(ဆ) မိမိလိုက်ပါ ဆောင်ရွက်သော အမှုတွင် လေလံတင်ရောင်းချသည့် ပစ္စည်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လေလံ ဆွဲဝယ်ခြင်း၊

(ဇ) မဟုတ်မမှန် လုပ်ကြံသည့် တိုင်စာ၊ ပစ်စာများကို အမှုသည်အားရေးသားပေးခြင်း သို့ မဟုတ် ကိုယ်တိုင် လက်မှတ် ရေးထိုးပေးခြင်း၊

(ဈ) တရားရုံးအပေါ် မထေမဲ့မြင် ပြုလုပ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်း ခံရခြင်း၊

(ည) မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါး သို့မဟုတ် အရက်သေစာ သောက်စား မူးယစ်လျက် တရားခွင်သို့ တက်ရောက်ခြင်း၊

(ဋ) မိမိ၏ ရှေ့နေ ပညာအသက်မွေးဝမ်းကျောင်း လုပ်ငန်းကို ကြော်ငြာခြင်း၊

(ဌ) မိမိအား အမှုသည်ကိုယ်စား လိုက်ပါ ဆောင်ရွက်ရန် လွှဲအပ်ခြင်း မရှိသော အမှုတွင် လိုက်ပါ ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် အားထုတ်ခြင်း၊

(ဍ) တစ်ဖက်ရှေ့နေအား အမှုတွင် လိုက်ပါ ဆောင်ရွက်ခြင်း မပြုနိုင်အောင်ရည်ရွယ်ပြီး ယင်းရှေ့နေအား မလိုအပ်ဘဲ သက်သေအဖြစ် ခေါ်ယူစစ်ဆေးခြင်း၊

(ဎ) အမှုသည်တစ်ဖက်နှင့် မှုခင်းကိစ္စတိုင်ပင် ဆွေးနွေးပြီးနောက် ဆန့်ကျင်ဘက် အမှုသည်ဘက်မှ မိမိကိုယ်တိုင်လိုက်ပါ ဆောင်ရွက်ခြင်း သို့မဟုတ် မိမိနှင့်ဆက်သွယ်ပြီး အခြားရှေ့နေတစ်ဦးကို တစ်ဖက်လှည့်၍ လိုက်ပါ ဆောင်ရွက်စေခြင်း၊

(ဏ) ရှေ့နေခကို အမှုသည်နှင့် နှစ်ဖက်သဘောတူ သတ်မှတ်ခြင်းမဟုတ်ဘဲ အမှု အနိုင်ရရှိပါက ရှေ့နေခမည်မျှပေးရမည် သို့မဟုတ် အချင်းဖြစ် ပစ္စည်း၏ တန်ဖိုး မည်ရွေ့မည်မျှပေးရမည်ဟု ကတိထားပြီး အမှုလိုက်ပါ ဆောင်ရွက်ခြင်း၊

(တ) ရှေ့နေခထဲမှာ ရာခိုင်နှုန်း မည်ရွေ့မည်မျှ ပေးမည်ဟူသော သဘောတူညီချက်ဖြင့် အမှုပွဲစားထားရှိကာ အမှုရရှိရေးဆောင်ရွက်ခြင်း၊

(ထ) အမျိုးသမီးတစ်ဦးအား လူပုံအလယ်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်စေရန် သက်သေခံ အက်ဥပဒေအရ တားမြစ်ပိတ်ပင်ထားသော မေးခွန်းမျိုး မေးမြန်းခြင်း၊

(ဒ) သက်သေအား တန်စိုးလက်ဆောင်ပေးပြီး မုသား သက်သေခံရန် ဆောင်ရွက်ခြင်း၊

(ဓ) သက်သေအစစ် နေရာတွင် သက်သေ အတု အယောင်ကို ထည့်သွင်းစစ်ဆေးခြင်း၊

(န) ရှေ့နေလိုက်သူအဖြစ်မှ ရပ်ဆိုင်းရန် သို့မဟုတ် ထုတ်ပယ်ရန် အရေးယူထိုက်သည့် အခြားလုံလောက်သော အကြောင်း တစ်ရပ်ရပ် ကျူးလွန် ဖောက်ဖျက်ခြင်း။

၅၁။ အမှုသည်ကဖြစ်စေ၊ ရှေ့နေလိုက်ပါဆောင်ရွက်သည့် အမှုနှင့်သက်ဆိုင်သူကဖြစ်စေ ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်း ခံရသည့် တရားလွှတ်တော် ရှေ့နေအား အရေးယူပေးရန် မြန်မာနိုင်ငံရှေ့နေများ ကောင်စီသို့လည်းကောင်း၊ အထက်တန်းရှေ့နေအား သက်ဆိုင်သည့် ဒေသဆိုင်ရာ ရှေ့နေများ ကောင်စီသို့လည်းကောင်း သက်သေအထောက်အထား ခိုင်လုံစွာဖြင့် တိုင်တန်း နိုင်သည်။

၅၂။ မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီသည် –

(က) ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် တရားလွှတ်တော် ရှေ့နေအား အရေးယူပေးရန် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ အကျဉ်းနည်းဖြင့် ပယ်ချခြင်း မပြုပါက စုံစမ်းစစ်ဆေးရန် သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး အရေးယူရန် တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ်ခုံရုံး) ကို တာဝန်ပေးရမည်။

(ခ) တရားလွှတ်တော် ရှေ့နေအားအရေးယူပေးရန် တိုင်တန်းချက်အပေါ် စုံစမ်း စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ လိုအပ်ပါက သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်နှင့် သဘောထားကိုတင်ပြစေရန် သက်ဆိုင်သည့်ဒေသဆိုင်ရာ ရှေ့နေများ ကောင်စီကို တာဝန်ပေးနိုင်သည်။

၅၃။ (က) ဒေသဆိုင်ရာရှေ့နေများ ကောင်စီသည် ရှေ့နေ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် အထက်တန်းရှေ့နေအား အရေးယူပေးရန် တိုင်တန်းချက်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် လိုအပ်ပါက သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေး ပြီး တွေ့ရှိချက်နှင့် သဘောထားကိုတင်ပြစေရန် အထက်တန်းရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံး) ကို တာဝန်ပေးရမည်။

(ခ) အထက်တန်းရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံး) သည် ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် အထက်တန်းရှေ့နေအား အရေးယူပေးရန် တိုင်တန်းချက်နှင့် စပ်လျဉ်း

၍ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်နှင့် သဘောထားကိုဒေသဆိုင်ရာ ရှေ့နေများ ကောင်စီသို့ တင်ပြရမည်။

၅၄။ တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်း ကော်မတီ သို့မဟုတ် ခုံရုံး) သည် ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် တရားလွှတ်တော် ရှေ့နေအားအရေးယူပေးရန် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေး၍ စွပ်စွဲခံရသူအား ခုခံချေပခွင့်ပေးပြီး စွပ်စွဲခံရသူမှာ ရှေ့နေ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း သက်သေအထောက်အထား ခိုင်လုံစွာတွေ့ရှိပါက စွပ်စွဲခံရသည့် တရားလွှတ်တော် ရှေ့နေအား အောက်ပါ စီမံခန့်ခွဲရေး အမိန့်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေချမှတ်နိုင်သည် –

(က) သတိပေးပြီး ဝန်ချတောင်းပန်စေခြင်း၊

(ခ) ပြစ်တင်ရှုံ့ချခြင်း၊

(ဂ) အမှုလိုက်ပါ ဆောင်ရွက်ခွင့်ကို ကာလသတ်မှတ်၍ ယာယီ ရပ်ဆိုင်းခြင်း၊

(ဃ) တရားလွှတ်တော်ရှေ့နေ မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ခြင်း။

၅၅။ ဒေသဆိုင်ရာရှေ့နေများ ကောင်စီသည် ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် အထက်တန်းရှေ့နေအား အရေးယူပေးရန် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေး၍ စွပ်စွဲခံရသူအား ခုခံချေပခွင့်ပေးပြီး စွပ်စွဲခံရသူမှာ ရှေ့နေ ကျင့်ဝတ်သိက္ခာဖောက်ဖျက်ကြောင်း သက်သေအထောက်အထား ခိုင်လုံစွာတွေ့ရှိပါကစွပ်စွဲခံရသည့် အထက်တန်းရှေ့နေအား အောက်ပါစီမံခန့်ခွဲရေး အမိန့်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် –

(က) သတိပေးပြီး ဝန်ချတောင်းပန်စေခြင်း၊

(ခ) ပြစ်တင်ရှုံ့ချခြင်း၊

(ဂ) အမှုလိုက်ပါ ဆောင်ရွက်ခွင့်ကို ကာလသတ်မှတ်၍ ယာယီ ရပ်ဆိုင်းခြင်း၊

(ဃ) အထက်တန်းရှေ့နေ မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ခြင်း။

၅၆။ တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်း ထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံး) နှင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီ တို့သည် ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အမိန့် ချမှတ်ရာတွင် သတ်မှတ်ချက်များနှင့်အညီ တရားစရိတ်နှင့် သက်သေစရိတ် တို့ကို ထည့်သွင်း ချမှတ်နိုင်သည်။

၅၇။ တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်း ထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံး) နှင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီ တို့သည် ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မိမိ၏ သဘောအလျောက်ဖြစ်စေ၊ အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ တင်ပြချက်အရဖြစ်စေ ထိုအမိန့်ချမှတ်သည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်သုံးသပ်ပြီး သင့်လျော်သည့် အမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

၅၈။ ရှေ့နေလိုက်သူတစ်ဦးဦးသည် အမှုလိုက်ပါဆောင်ရွက်ခြင်းကို ရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်း၊ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း သို့မဟုတ် သက်သေခံမှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်း ပြုကြောင်း အမိန့်ချမှတ်ခြင်းခံရပါက ထိုသို့ ချမှတ်သည့် အမိန့်ကို လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ ရှေ့နေများကောင်စီသို့ မိမိတို့အား ထုတ်ပေးထားသော သက်သေခံ မှတ်ပုံတင်လက်မှတ်ကို ပြန်လည် အပ်နှံရမည်။

၅၉။ ရှေ့နေ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်း ခံရသည့် ရှေ့နေလိုက်သူအား အရေးယူပေးရန် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ စွပ်စွဲခံရသူနှင့် သက်သေများအား ဆင့်ခေါ်ခြင်း၊ စစ်မေးခြင်း၊ သက်သေခံချက်များ ရယူခြင်း၊ သက်သေခံ အထောက်အထား စာတမ်း အမှတ်အသားများ တင်ပြစေခြင်း၊ ထုချေခွင့်ပေးခြင်းနှင့် လျှောက်လဲခြင်းတို့နှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများတွင် သီးခြား ပြဋ္ဌာန်းထားခြင်း မရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံး ဥပဒေနှင့် သက်သေခံအက်ဥပဒေတို့ကို ဆီလျော်သလို ကျင့်သုံးနိုင်သည်။

## အခန်း (၁၄)

## အယူခံခြင်း

၆၀။ တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်း ကော်မတီ သို့မဟုတ် ခုံရုံး) က ဖြစ်စေ၊ ဒေသဆိုင်ရာရှေ့နေများကောင်စီကဖြစ်စေ ချမှတ်သော အောက်ပါ အမိန့်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ထိုသို့ချမှတ်သောအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မြန်မာနိုင်ငံရှေ့နေများ ကောင်စီသို့ အယူခံ နိုင်သည် -

(က) အလုပ်သင်ရှေ့နေအဖြစ် ရှေ့နေပညာ သင်ကြားခွင့်ပြုရန် လျှောက်ထားချက် ကို ပုဒ်မ ၂၃ အရ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုသည့် အမိန့်၊

(ခ) အထက်တန်းရှေ့နေအဖြစ်ဝင်ခွင့် လျှောက်ထားခြင်း သို့မဟုတ် တရားလွှတ်တော် ရှေ့နေအဖြစ် ဝင်ခွင့် လျှောက်ထားခြင်းကို သက်ဆိုင်ရာ ရှေ့နေများကောင်စီက ပုဒ်မ ၂၃၊

ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) အရ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုသည့် အမိန့်၊

(ဂ) ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၃၈ အရ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ ဖယ်ရှားသည့် အမိန့်၊

(ဃ) ပုဒ်မ ၄၂ အရ သက်ဆိုင်ရာ မှတ်ပုံတင် စာရင်းမှ ပယ်ရှားသည့် အမိန့်၊

(င) ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ ချမှတ် သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်။

၆၁။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် ပုဒ်မ ၆၀ အရ အယူခံမှုကို သတ်မှတ်ချက်များနှင့် အညီ ကြားနာပြီး ချမှတ်ထားသော အမိန့်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြန်လည်စုံစမ်းစစ်ဆေးစေပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်စေခြင်း ပြုနိုင်သည်။

## အခန်း (၁၅)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၆၂။ မည်သူမဆို သက်ဆိုင်ရာ ရှေ့နေများကောင်စီက ထုတ်ပေးသော သက်သေခံ မှတ်ပုံတင် လက်မှတ်မရှိဘဲ ရှေ့နေလိုက်သူအဖြစ် သက်ဆိုင်ရာအမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့်ရုံး တစ်ခုခု တွင် အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ၁၀ သိန်း မှ အများဆုံး ကျပ် သိန်း ၅၀ အထိ ဒဏ်ငွေ ချမှတ်ရမည်။ ထိုဒဏ်ငွေ ပေးဆောင်ရန် ပျက်ကွက်ပါက ထိုသူကို အနည်းဆုံး ၁ လမှ အများဆုံး ၆ လ အထိ ထောင်ဒဏ် ချမှတ်ရမည်။

၆၃။ ရှေ့နေလိုက်သူ မည်သူမဆို သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ ရပ်ဆိုင်းထားခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုထားသည့် ကာလအတွင်း ဖြစ်စေ၊ ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်ခြင်းမှ ရပ်ဆိုင်းထားခြင်း သို့မဟုတ် ရပ်စဲခြင်း ပြုထားသည့် ကာလအတွင်း ဖြစ်စေ၊ သက်သေခံ မှတ်ပုံတင် လက်မှတ်ကို ပယ်ဖျက်ခြင်း ပြုထားသည့် ကာလအတွင်း ဖြစ်စေ ရှေ့နေလိုက်သူအဖြစ် သက်ဆိုင် ရာအမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုနိုင်သည့် ရုံးတစ်ခုခုတွင် အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြု ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ၇ သိန်း မှ အများဆုံး ကျပ် သိန်း ၄၀ အထိ ဒဏ်ငွေချမှတ်ရမည်။ ထိုဒဏ်ငွေပေးဆောင်ရန် ပျက်ကွက်ပါက ထိုသူကို အနည်းဆုံး ရက်သတ္တ ၃ ပတ် မှ အများဆုံး ၄ လ အထိ ထောင်ဒဏ် ချမှတ်ရမည်။

၆၄။ ရှေ့နေ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်သည့်အတွက် စီမံခန့်ခွဲရေးအရ တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်းခံရသူ မည်သူမဆို

သတ်မှတ်ထားသည့် ကာလအတွင်း သက်ဆိုင်ရာ ရှေ့နေများကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် ၂၅ သိန်း အထိ ဒဏ်ငွေ ချမှတ်ရမည်။ ထိုဒဏ်ငွေ ပေးဆောင်ရန် ပျက်ကွက်ပါက ထိုသူကို အနည်းဆုံး ရက်သတ္တ ၂ ပတ်မှ အများဆုံး ၃ လ အထိ ထောင်ဒဏ် ချမှတ်ရမည်။

၆၅။ အမှုပွဲစားအဖြစ် ကြေညာခြင်း ခံထားရသူ မည်သူမဆို အမှုပွဲစားအဖြစ် ပြုလုပ်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၅ သိန်း အထိ ဒဏ်ငွေ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၆)

## ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၆၆။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက် အောင်မြင်စွာဆောင်ရွက်နိုင်ရန် အောက်ပါရငွေဖြင့် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ငွေများ၊

(ခ) တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ကြေး၊ နှစ်စဉ်ကြေး၊ ရက်လွန်ကြေးနှင့် အခြား အခကြေးငွေများ၊

(ဂ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများ၊

(ဃ) ပြည်တွင်း ပြည်ပ စေတနာရှင်များ၏ လှူဒါန်းငွေများ၊

(င) ရန်ပုံငွေမှ ရရှိသည့် တရားဝင် တိုးပွားငွေများ။

၆၇။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ အသီးသီးသည် မိမိတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အောက်ပါရငွေဖြင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ရန်ပုံငွေ တစ်ရပ်စီကို ထူထောင်ထားရှိရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ငွေများ၊

(ခ) မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ရန်ပုံငွေမှ ခွဲဝေပေးငွေများ၊

(ဂ) အထက်တန်းရှေ့နေအဖြစ် ဝင်ကြေး၊ နှစ်စဉ် သက်သေခံလက်မှတ် လဲလှယ်ကြေး၊ ရက်လွန် ကြေးနှင့် အခြား အခကြေးငွေများ၊

(ဃ) ပြည်တွင်းပြည်ပ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများ၊

(င) ပြည်တွင်း ပြည်ပ စေတနာရှင်များ၏ လှူဒါန်းငွေများ၊

(စ) ရန်ပုံငွေမှ ရရှိသည့် တရားဝင် တိုးပွားငွေများ။

၆၈။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီနှင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီတို့သည် မိမိရန်ပုံငွေဖြင့် ရပ်တည်နိုင်ရေးအတွက် ရန်ပုံငွေ တိုးပွားစေရန် ကြိုးပမ်းအားထုတ်ရမည်။

၆၉။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ရန်ပုံငွေ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်း ကော်မတီသည် မြန်မာနိုင်ငံရှေ့နေများကောင်စီ ရန်ပုံငွေ စီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲပြီး ထိုစည်းမျဉ်းများနှင့် အညီ ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် စာရင်းစစ် အစီရင်ခံစာတင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

၇၀။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ရန်ပုံငွေ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ အသီးသီးသည် မိမိတို့၏ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ရန်ပုံငွေ စီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်း များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲပြီး ထိုစည်းမျဉ်းများ နှင့် အညီ ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် စာရင်းစစ် အစီရင်ခံစာ တင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

## အခန်း (၁၇)

## အထွေထွေ

၇၁။ အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုနိုင်သည့် ရုံးတစ်ခုခုသည် မိမိရုံးတွင် စစ်ဆေးစီရင်လျက် ရှိသော အမှုနှင့်စပ်လျဉ်း၍ အမှုပွဲစားအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း ကျော်ဇောသတင်း ရှိသူအား အမှုပွဲစားအဖြစ် မည်သည့်အတွက် ကြေညာခြင်းမပြုသင့်ကြောင်း ထုချေဖြေရှင်းခွင့်ပေးရမည်။ ထိုသူ အား အမှုပွဲစားအဖြစ် ဆောင်ရွက်လေ့ရှိကြောင်း ယုံကြည်လောက်သော အထောက်အထား တွေ့ရှိ ပါက အမှုပွဲစားအဖြစ် ထုတ်ပြန်ကြေညာပြီးအမှုပွဲစားစာရင်းတွင် ထည့်သွင်းနိုင်သည်။ ထိုသို့ ထည့်သွင်း ကြေညာသည့် အမှုပွဲစား စာရင်းကို သက်ဆိုင်ရာရှေ့နေများ ကောင်စီသို့ ပေးပို့ရမည်။

၇၂။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် နှင့် ညှိနှိုင်းပြီး အောက်ဖော်ပြပါ အခကြေးငွေများကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်-

(က) ဤဥပဒေအရ ရှေ့နေအလုပ်သင်ကြားခြင်း၊ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်း၊ တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းတို့နှင့် စပ်လျဉ်းသည့် အခကြေးငွေများ၊

(ခ) အထက်တန်းရှေ့နေ သက်သေခံ လက်မှတ်အသစ်လဲလှယ်ခနှင့် နောက်ကျကြေးများ၊

(ဂ) တရားလွှတ်တော်ရှေ့နေ နှစ်စဉ်ကြေးနှင့် နောက်ကျကြေးများ၊

(ဃ) သက်သေစရိတ်များ၊

(င) အမှုနိုင်သူအား ပေးရမည့် တရား စရိတ်များ၊

(စ) မိတ္တူကူးခစသည့် အခြား အခကြေးငွေများ။

၇၃။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် မိမိ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရုံးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကို ဖွဲ့စည်းပြီး လိုအပ်သော အရာထမ်းနှင့် အမှုထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

၇၄။ ရှေ့နေလိုက်သူ တစ်ဦးဦးသည် မိမိအား ထုတ်ပေးထားသော သက်သေခံ မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပါက သက်သေခံ မှတ်ပုံတင်လက်မှတ် မူရင်းခွဲမိတ္တူ ထုတ်ပေးရန် သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းပြီး သက်ဆိုင်ရာ ရှေ့နေများကောင်စီသို့ လျှောက်ထား ရယူနိုင်သည်။

၇၅။ ဤဥပဒေအရ ပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သဘောရိုးဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံ ရှေ့နေများကောင်စီကိုဖြစ်စေ၊ ဒေသဆိုင်ရာ ရှေ့နေများကောင်စီကိုဖြစ်စေ၊ ထိုကောင်စီဝင်တစ်ဦးဦးကိုဖြစ်စေ၊ လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၇၆။ ဤဥပဒေ အခန်း (၁၃) ပါ အယူခံမှုများတွင် သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလများသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၅ နှင့် ၁၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

၇၇။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် အောက်ပါ ကိစ္စများကို ဤဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ညှိနှိုင်း၍ လွှဲပြောင်းဆောင်ရွက်ရမည် -

(က) ဤဥပဒေအရရှေ့နေအလုပ်သင်ကြားခြင်း၊ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းနှင့် တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့် လျှောက်ထားခြင်း ကိစ္စ၊

(ခ) သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ရေးသွင်းခြင်း၊ ရပ်ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းကိစ္စ၊

(ဂ) ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှု အတွက် တိုင်တန်းမှုများအား စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းကိစ္စ။

၇၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) မြန်မာနိုင်ငံ ရှေ့နေများကောင်စီနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

(ခ) မြန်မာနိုင်ငံ ရှေ့နေများကောင်စီ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၉။ အောက်ပါ အက်ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) The Bar Council Act (India Act No. 38/1926)၊

(ခ) The Legal Practitioners Act (India Act No. 18/1879)။

(ဂ) ၂၀၁၉ခုနှစ်၊ မြန်မာနိုင်ငံရှေ့နေများကောင်စီဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ပုံ/-

နိုင်ငံတော် သမ္မတ

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

**ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက်**

ကျွန်တော် ဤဥပဒေကြမ်း တင်သွင်းရခြင်း၏ ရည်ရွယ်ချက်များမှာ (က) နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုရေးအတွက် အရည်အချင်းပြည့်ဝသော ရှေ့နေများ တိုးပွားလာစေရန်၊ (ခ) ရှေ့နေပညာ နိုင်ငံတကာအဆင့်မီ တိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ (ဂ) ရှေ့နေလိုက်သူများ ဥပဒေပညာရပ်ဆိုင်ရာ အရည်အသွေးပြည့်ဝပြီး ရှေ့နေကျင့်ဝတ်သိက္ခာနှင့် ဂုဏ်သိက္ခာမြင့်မားရေးအတွက် ထိန်းသိမ်းမြှင့်တင်နိုင်စေရန်၊ (ဃ) အမှုသည်များကို ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိစေရေးနှင့် အကာအကွယ်ပေးရေးတို့အတွက် မွန်မြတ်သည့် ရှေ့နေပညာဖြင့် အကျိုးဆောင်ပေးနိုင်ရန်၊ (င) ရှေ့နေလိုက်သူများ ရထိုက်ခွင့်ရှိသည့် အခွင့်အရေး များကို အပြည့်အဝ ရရှိစေရန်နှင့် အကာအကွယ်ပေးရန်တို့အတွက် ရှေ့နေများကောင်စီနှင့် ရှေ့နေ လိုက်သူများဆိုင်ရာ ဥပဒေ(မူကြမ်း)ကို အမျိုးသားလွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါသည်။

လေးစားစွာဖြင့်

ဦးအောင်သိန်း

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ပဲခူးတိုင်းဒေသကြီး၊မဲဆန္ဒနယ်အမှတ်(၁၂)